ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၅၃ /၂၀၁၆)

| | | |
|---|---|---|
| ဦးအာကာဟိန်း(ပိုင်ရှင်)<br>Tet Lann Concrete Co.,Ltd<br>အမှတ်(၁၇)၊ ရှုခင်းသာလမ်း၊သာကေတမြို့နယ်။ | } | လျှောက်ထားသူ |
| | နှင့် | |
| ဦးအောင်နိုင်လင်း(၂)<br>အမှတ်(၁၁၁)၊ ပန်းခြံ (၅)လမ်း၊ (၁၈)ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ် | } | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၄ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ရှုခင်းသာလမ်း၊ အမှတ်(၁၇)ရှိ ဦးအာကာဟိန်း ပိုင်ဆိုင်သော Tet Lann Concrete Co.,Ltdနှင့် ဦးအောင်နိုင်လင်း(၂)တို့ အကြားဖြစ်ပွားသောအငြင်းပွားမှုကို သာကေတမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇၃/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေးများ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ Tet Lann Concrete Co.,Ltd မှ အလုပ်သမား ဦးအောင်နိုင်လင်း(၂)အား အလုပ်မှထုတ်ပယ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှု ရှိ၊မရှိနှင့် ဦးအောင်နိုင်လင်း(၂)အားအလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ထုတ်နစ်နာကြေး ရထိုက်ခြင်းရှိ/မရှိ။

ဆုံးဖြတ်ချက်အမှတ်(၁)။ တောင်းဆိုသူအလုပ်သမား ဦးအောင်နိုင်လင်း(၂)အား နို့တစ်ကြေး တစ်လစာ ၁၅၀၀၀၀/-၊ အလုပ်ထုတ်နစ်နာကြေး ၁၅၀၀၀၀/-တို့ကို ပေးရန်နှင့် ၁-၆-၂၀၁၆ ရက်နေ့မှ ၇-၆-၂၀၁၆ ရက်နေ့ထိလုပ်ခလစာ ကျန်ငွေများကိုပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၇၃/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင် ဦးအာကာဟိန်း (ကိုယ်စား)၊ ဒေါ်ချိုစုလွင်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှုအမှတ် (၅၃/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရ ကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးအောင်သန်း၊ အလုပ်ရှင် ကိုယ်စားလှယ် အဖွဲ့ဝင် ဦးထွန်းအောင်နှင့် အလုပ်သမားကိုယ်စားလှယ် အဖွဲ့ဝင် ဦးရွှေ တို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသောစာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ Tet Lann Concrete Co.,Ltd မှ အလုပ်သမား ဦးအောင်နိုင်လင်း(၂)အား အလုပ်မှထုတ်ပယ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိနှင့် ဦးအောင်နိုင်လင်း(၂)အားအလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ထုတ်နစ်နာကြေးပေးရန် တာဝန်ရှိ/ မရှိ။

<u>သုံးသပ်ချက်</u>

၇။ အလုပ်သမားနှင့် အလုပ်ရှင်တို့ လုပ်ခလစာတိုးပေးရန်ကိစ္စညှိနှိုင်းရာတွင် တိုးပေးရန်အဆင်မပြေသည့်အပေါ် မျှော်မှန်းလစာမရ၍ မလုပ်လိုလျှင်ဆက်မလုပ်ရန် အလုပ်သမားအားပြောကြားသည်ဟုဆိုသော်လည်း အလုပ်သမားအား အလုပ်ထုတ်သည်ဟု အလုပ်ရှင်ကပြောသည်ဟူသောအကြောင်းကြောင့် အလုပ်ထုတ်ခံရသည်ဟုပြောဆိုခဲ့သည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်မှတင်ပြသည့် အထောက်အထားများမှာ အမှတ်တကယ်ဖြစ်ပေါ်ခဲ့မှုများအပေါ် အခြေခံသော်လည်း တစ်စုံတစ်ရာအပြစ်ပေးမှုမရှိခဲ့သည့် အချက်များပါဝင်နေကြောင်း တွေ့ရှိရပါသည်။ အလုပ်ထုတ်စာပေး၍ အလုပ်ထုတ်ရာတွင် ကြိုတင်နို့တစ်စာပေးခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားအား အလုပ်ထုတ်သည့်နေ့မှာ (၈-၆-၂၀၁၆)ရက်နေ့ဖြစ်ပြီး၊ ထိုနေ့မတိုင်မီရက်အထိ အလုပ်လုပ်ခဲ့သောရက်များအတွက် လုပ်ခ၊ အချိန်ပိုကြေးနှင့် စုဆောင်းငွေများကို ထုတ်မပေးရသေးကြောင်း အလုပ်သမားဘက်မှထွက်ဆိုပြီး၊ အလုပ်ရှင်မှလည်း ထုတ်ပေးမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။ မူလတိုင်ကြားချက်တွင် ယင်းငွေများကိစ္စမပါရှိ၍လည်းကောင်း၊ ယင်းကိစ္စရပ်မှာ အခကြေးငွေပေးချေရေးဥပဒေအရ အကျုံးဝင်၍လည်းကောင်း ဆုံးဖြတ်ရာတွင် ထည့်သွင်းဆောင်ရွက်ရန် မသင့်ဟုယူဆပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ တောင်းဆိုသူ အလုပ်သမား ဦးအောင်နိုင်လင်း(၂)အား အလုပ်ထုတ်သည့်အတွက် နို့တစ်ကြေး (၁)လစာ (၁၅၀၀၀၀/-)ကျပ်နှင့် အလုပ်ထုတ်နစ်နာကြေး (၁၅၀၀၀၀/-)ကျပ် တို့ကို ပေးရန်ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍အာဏာတည်စေရမည်။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအောင်သန်း | ဦးရွှေ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |